စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE
# ဈေးကွက်သတင်းလွှာ

myantrade

အမှတ်စဉ် ၂/၂၀၂၃

## ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ဈေးကွက်အတွင်း လိမ္မော်သီးများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး အရောင်းသွက်နေ
- ပြည်ပဝယ်လိုအားများကြောင့် ဇန်နဝါရီလဒုတိယပတ်အတွင်း နှမ်းဈေးနှုန်း မြင့်တက်လာ
- လှိုင်းဘွဲ့မြို့နယ်၌ ပြည်ပဈေးကွက်ရှိသည့် ဂျပန်ဖရဲမျိုး (ဒိုးကျည်သီး)ကို ပိုမိုစိုက်ပျိုး
- ဧရာဝတီတိုင်းဒေသကြီး၌ ငရုတ်စိုက်ဧက ခုနစ်သောင်းကျော် စိုက်ပျိုးထားပြီး ပြည်တွင်းဈေးကွက်သို့ အဓိကထား တင်ပို့

### နိုင်ငံတကာဈေးကွက်

- ဂျုံနှင့်အခြားသီးနှံများ ဈေးပြန်ကျလာသော်လည်း ကမ္ဘာ့ဆန်ဈေးများ မြင့်တက်နေ
- ဆွစ်ဇာလန်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ငါးလုပ်ငန်းအထောက်အပံ့ဆိုင်ရာ သဘောတူညီချက်အသစ်ကို ပထမဆုံး သဘောတူလက်ခံသည့် နိုင်ငံဖြစ်လာ
- တစ်ကမ္ဘာလုံးမှ ရင်းနှီးမြှုပ်နှံသူများသည် တရုတ်နိုင်ငံ၏ စီးပွားရေးအပေါ် စိတ်ဝင်စားမှုမြင့်တက်လျက်ရှိ
- အိန္ဒိယတွင် ကြံမရသဖြင့် သကြားစက်များ ရက်စောပိတ်ရမည်
- ထိုင်းနိုင်ငံ၌ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများသုံးစွဲမှု လျှော့ချစေရေး တွန်းအားပေးလုပ်ဆောင်ရန်အတွက် အခွန်ဆိုင်ရာ မက်လုံးပေးဆွဲဆောင်မှုများ ပြုလုပ်လျက်ရှိ
- ဂျပန်မှ Tropicana "၁၀၀ ရာခိုင်နှုန်း ဖရဲ" ဖျော်ရည်တွင် ဖရဲ ၂ ရာခိုင်နှုန်းသာပါသဖြင့် ယန်း ၁၉ သန်း ဒဏ်ရိုက်
- အီဂျစ်နှင့် အိန္ဒိယအကြား ကုန်သွယ်ရေးကဏ္ဍကိုမြှင့်တင်ရန် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ထူထောင်

### ပြည်တွင်းကုန်သွယ်မှုသတင်း

- ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံရန် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုနှင့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုလုပ်ငန်း ကိုးခု အတည်ပြု
- ကျောက်ဖြူမြို့ ရေနက်ဆိပ်ကမ်းစီမံကိန်းဆောင်ရွက်ပြီးစီးပါက ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ရောက်ရှိလာမည်

### ပြည်ပကုန်သွယ်မှုသတင်း

- ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှတစ်ဆင့် ပြည်ပသို့ ဆန်တန်ချိန် ၉၉၅၅၀ ကျော် တင်ပို့ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးဖြစ်
- ကိုရီးယားတွင်ကျင်းပမည့် “HADONG WORLD TEA EXPO 2023” ပြပွဲသို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသရန်ဖိတ်ကြား
- ယခုဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောတန်ချိန် ၃၀၀၀၀ ခန့် တင်ပို့ထား
- မြန်မာအမျိုးသားလေကြောင်းလိုင်းက ရန်ကုန်-ဘန်ကောက်ခရီးစဉ် တစ်ကြောင်း စာအား ဒေါ်လာ ၄၀ မှစ၍လည်းကောင်း၊ ရန်ကုန်-စင်ကာပူ ခရီးစဉ် တစ်ကြောင်း စာအား ဒေါ်လာ ၁၉၅ မှစ၍ လည်းကောင်း၊ ရန်ကုန်-ချင်းမိုင် ခရီးစဉ်တစ်ကြောင်း စာအား ၈၅ ဒေါ်လာမှစ၍လည်းကောင်း ရောင်းချပေးနေ
- ဂျပန်နိုင်ငံက မြန်မာ့ရွှေထည်ပစ္စည်းများဝယ်ယူရန် ကမ်းလှမ်းထားပြီး အရောင်းအဝယ်ပြန်လည် စတင်ရန် ညှိနှိုင်းမှုများပြုလုပ်နေ

### အထူးဆောင်းပါးများ

- ဗီယက်နမ်နိုင်ငံတွင် ၂၀၂၃ ခုနှစ်အတွင်း စောင့်ကြည့်ရမည့် အဓိကကဏ္ဍ(၄)ရပ်

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၄၁၆
http://www.myantrade.org
myantradetir2018@gmail. com

**ကုန်သွယ်မှုအခြေအနေ၊**

**ကုန်စည်ဈေးနှုန်းများ**

# ပြည်တွင်းဈေးကွက်

## ဈေးကွက်အတွင်း လိမ္မော်သီးများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး အရောင်းသွက်နေ

ကယားပြည်နယ်အတွင်းရှိ ဘောလခဲနှင့် ဖရူဆိုမြို့နယ်ရှိ ကျေးရွာတို့တွင် စိုက်ပျိုးထားသောလိမ္မော်သီးများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး အရောင်းသွက်နေကြောင်း လိမ္မော်သီးစိုက်ပျိုးသူ တောင်သူများထံမှ သိရသည်။

လက်ရှိတွင် ဈေးကွက်အတွင်းရောင်းချသော လိမ္မော်သီးများမှာ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်း၊ အောင်ပန်း၊ နောင်တရားနှင့် ကလော စသည့်ဒေသတို့မှထွက်ရှိသော လိမ္မော်သီးများဖြစ်ကြပြီး လိမ္မော်သီးအလုံး အသေးတစ်ပိဿာလျှင် ကျပ် ၁၄၀၀၊ အလတ်တစ်ပိဿာလျှင် ကျပ် ၁၈၀၀၊ အကြီး တစ်ပိဿာလျှင် ကျပ်၂၃၀၀ ဖြင့် ဈေးနှုန်းပေါက်လျက်ရှိရာ ယခင်လ ဒီဇင်ဘာလတွင် အသေးတစ်ပိဿာလျှင် ကျပ် ၁၅၀၀၊ အလတ်တစ်ပိဿာလျှင် ကျပ်၂၀၀၀၊ အကြီးတစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ဖြင့် ရောင်းချလျက်ရှိသည်။

ဈေးကွက်အတွင်း၌ လိမ္မော်သီးများ လှိုင်လှိုင်ဝင်ရောက်လာသော်လည်း ဈေးနှုန်းမှာသိသိသာသာ ကျဆင်းသွားခြင်း မရှိဘဲ အနည်းငယ်သာ ကွာဟပြီး အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

Source: https://www.myawady.net.mm/node/35719

## ပြည်ပဝယ်လိုအားများကြောင့် ဇန်နဝါရီလ ဒုတိယပတ်အတွင်း နှမ်းဈေးနှုန်း မြင့်တက်လာ

ဇန်နဝါရီလအတွင်း မူဆယ်နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်လိုက်သည့်အပြင် ပြည်ပဝယ်လိုအားများကြောင့် ယခုတစ်ပတ်အတွင်း နှမ်းဈေးနှုန်းမြင့်တက်လာကာ အရောင်းသွက်နေကြောင်း မန္တလေးပဲနှမ်းဈေးကွက်အတွင်း မှ သိရသည်။

ထိုသို့ဈေးနှုန်းမြင့်တက်ရာတွင် တစ်ပတ်တာ ကာလအတွင်း နှမ်းတစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ မှ ၂၀၀၀၀ အထိ မြင့်တက်လာခြင်းဖြစ်ကြောင်းသိရသည်။ “နှမ်းဈေးကွက်ကလက်ကျန်နည်းနေတော့ ဝယ်လိုအားများပြီး ပြီးခဲ့တဲ့လကတည်းက တဖြည်းဖြည်းဈေးတက်နေတာပါ။ လက်ရှိမှာ ပြည်ပကို ပင်လယ်ရေကြောင်းကလည်းတင်ပို့တယ်။ နယ်စပ်ကလည်း တင်ပို့တယ်။ ပြည်တွင်းလှောင်လက်တွေကလည်း ဝယ်နေတဲ့အတွက် ဝယ်လိုအားများပြီး ဈေးတက်လာတာပါ။ တရုတ်နှစ်သစ်ကူးပြီးရင် အရောင်းအဝယ်ပိုသွက်လာနိုင်တယ်”ဟု မန္တလေးမြို့မှ ပဲနှမ်းကုန်သည် ဦးကြည်ဝင်း ကပြောသည်။ လတ်တလောတွင် နှမ်းဖြူတစ်တန် လျှင် ကျပ် သိန်း ၄၀ ကျော်၊ နှမ်းညိုတစ်တန်လျှင် ကျပ် ၃၅ သိန်းခန့်နှင့် နှမ်းနက်(စမုန်)တစ်တန်လျှင် ကျပ် ၄၂ သိန်းကျော်အထိ ဈေးနှုန်းအသီးသီးရှိနေကြောင်း သိရသည်။

လက်ရှိတွင် တရုတ်နှင့်ဂျပန်နိုင်ငံတို့သို့ တင်ပို့ရန် ဝယ်ယူနေခြင်းဖြစ်ကြောင်း၊ မန္တလေးဈေးကွက်သို့ နှမ်းဝင်ရောက်မှုနည်းပါးနေကြောင်း သိရသည်။ ဇန်နဝါရီ ၂၃ ရက်တွင် မန္တလေးဈေးကွက်၌ နှမ်းဖြူ ၄၅ ပိဿာဝင် တစ်အိတ်လျှင်ကျပ် ၂၉၀၀၀၀ မှ ၂၉၅၀၀၀၊ နှမ်းညို ၄၅ ပိဿာဝင်တစ်အိတ်လျှင် ကျပ်၂၃၅၀၀၀ မှ ၂၄၀၀၀၀၊ ဆောင်းနှမ်း ၄၅ ပိဿာဝင် တစ်အိတ်လျှင် ကျပ် ၂၄၀၀၀၀ မှ ၂၄၅၀၀၀၊ နှမ်းနက် ၄၅ ပိဿာဝင် တစ်အိတ်လျှင်ကျပ် ၂၄၀၀၀၀ မှ ၂၄၅၀၀၀၊ နှမ်းနက်(စမုန်) ၄၅ ပိဿာဝင် တစ်အိတ်လျှင် ကျပ် ၂၅၅၀၀၀ မှ ၃၀၈၀၀၀ အထိ ဈေးနှုန်းအသီးသီးရှိကြောင်း သိရသည်။

Source: https://www.myawady.net.mm/node/35829

## လှိုင်းဘွဲ့မြို့နယ်၌ ပြည်ပဈေးကွက်ရှိသည့် ဂျပန်ဖရဲမျိုး (ဒုံးကျည်သီး)ကို ပိုမိုစိုက်ပျိုး

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ သမ္ဘာန်၊ ထီးလုံ၊ ရွှေဂွန်း၊ ဂျို့ချောင်း၊ ကမ်းနီး၊ ကော့လုံကျွန်း စသော ကျေးရွာများ၌ ဖရဲစိုက်ပျိုးရာတွင် ပြည်ပဈေးကွက်ဝယ်လိုအားကောင်းလာသည့်အပြင် ဒေသတွင်း ဝယ်လိုအားလည်း ကောင်းနေသည့် ဂျပန်ဖရဲမျိုး၊ ဒေသအခေါ် ဒုံးကျည်သီး ဖရဲမျိုးစိတ်ကို ပိုမိုစိုက်ပျိုးမှု များပြားလာလျက်ရှိကြောင်း ဖရဲစိုက်တောင်သူများထံမှ သိရသည်။

ဖရဲစိုက်တောင်သူများအနေဖြင့် ဒေသနေ မိုးစပါးစိုက်တောင်သူများထံမှ မြေကေ အကျယ်အဝန်းပေါ်မူတည်၍ ဆောင်းရာသီနှင့် နွေရာသီများအတွက် မြေငှားရမ်းအသုံးပြုခပေး၍ ဖရဲစိုက်ပျိုးကြောင်း၊ ဖရဲစိုက်ခင်း တစ်ကေလျှင် ဖရဲပျိုးပင် ၂၀၀၀ ဝန်းကျင်စိုက်ပျိုးရပြီး ပျိုးပင်ချစိုက်ပြီးချိန်မှစ၍ ၆၅ ရက်အတွင်း ဖရဲသီးများ ခူးဆွတ်ရောင်းချနိုင်ကြောင်း သိရသည်။

ဖရဲစိုက်ခင်း တစ်ဧကလျှင် မျိုးစေ့ကုန်ကျစရိတ်၊ မြေပြင်၊ ပျိုးထောင်၊ ရေသွင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ သွင်းအားစုအတွက် အသီးခူးဆွတ်နိုင်သည့်အချိန်ထိ ကျပ် ၁၇ သိန်းဝန်းကျင်ခန့် ကုန်ကျကြောင်း၊ ယခုနှစ်တွင် ရောင်းတန်းဝင် ဒုံးကျည်မျိုးဖရဲသီးတစ်လုံး၏ လက်လီလက်ကားဈေးမှာ ကျပ် ၂၅၀၀ ဝန်းကျင်ရှိကြောင်း၊ ဖရဲသီးတစ်ပင်လျှင်အသီး နှစ်လုံးနှုန်း ဖြင့်ထားရှိပြီး ပင်ပြတ်စနစ်ဖြင့် ပြည်ပသို့တင်ပို့ရန် အခင်းပြတ်လာရောက်ဝယ်ယူကြသည့် ဖရဲသီးအဝယ်ဒိုင်များရှိကြောင်း၊ ယခင်နှစ်များဆိုလျှင် အခင်းပြတ်စနစ်ဖြင့် တစ်ပင်လျှင် ကျပ် ၇၅၀ သာရရှိခဲ့ပြီး ဆုံးရှုံးမှုရှိခဲ့ကြောင်း၊ ဖရဲစိုက်ခင်းအတွက် သဘာဝဘေးအန္တရာယ်များအနေဖြင့် ပြပိုး၊ ရွက်စားပင်လိပ်ပိုး၊ ရွှေပိုး၊ နှင်းခါးအန္တရာယ်၊ ကြွက်နှင့် ခြအန္တရာယ်များကို ဂရုစိုက်၍ ကာကွယ်နိုင်ကြမှသာ အကျိုးအမြတ်ရရှိနိုင်ကြောင်း ဖရဲစိုက်တောင်သူများထံမှသိရသည်။ Source: မြန်မာ့အလင်းသတင်းစာ

## ဧရာဝတီတိုင်း ဒေသကြီး၌ ငရုတ်စိုက်ဧက ခုနစ်သောင်းကျော် စိုက်ပျိုးထားပြီး ပြည်တွင်းဈေးကွက်သို့ အဓိကထား တင်ပို့

ဧရာဝတီတိုင်းဒေသကြီး၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ငရုတ်စိုက်ဧက ခုနစ်သောင်းကျော် စိုက်ပျိုးထားပြီး ပြည်တွင်းဈေးကွက်သို့ အဓိကထားတင်ပို့လျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူသင်း၏ ပြောကြားချက်အရသိရသည်။ ထိုသို့စိုက်ပျိုးရာတွင် မိုးငရုတ် ၂၁၅၄ ဧကနှင့် ဆောင်း ငရုတ်ဧက ၇၁၈၅၀ စုစုပေါင်း ၇၄၀၀၄ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

"မိုးငရုတ်ကိုတော့ မိုးရာသီမှာစိုက်ပျိုးပြီး ဆောင်းငရုတ်ကိုတော့ မိုးစပါးပြီးနောက်ပိုင်း စိုက်ပျိုးတာများတယ်။ ငရုတ်ကအသီးစိမ်း ခူးတာဖြစ်တဲ့အတွက် စိုက်ပြီးသိပ်မကြာဘူး တောက်လျှောက်ခူးရတယ်။ အပင်က တစ်ခါတည်းရင့်တာ မဟုတ်တော့ ရင့်လိုက်ခူးလိုက်နဲ့ ရွေးခူးရတယ်" ဟု ဒေါ်ဖြူဖြူသင်းက ပြောသည်။

အဆိုပါဒေသ၌ မိုးထောင်ငရုတ်များအပြင် ငရုတ်ပွမျိုးများလည်း စိုက်ပျိုးလေ့ရှိကာ ငရုတ်အစို၊ ငရုတ်အခြောက်အဖြစ် ရောင်းချလေ့ရှိကြောင်း၊ ငရုတ်ကို နည်းစနစ်အမျိုးမျိုးဖြင့် စိုက်ပျိုးလေ့ရှိပြီး အဓိကအားဖြင့် ပျိုးပင်ပျိုး၍စိုက်ပျိုးလေ့ရှိကြောင်း သိရသည်။ "တချို့က ငရုတ်ကို ပျိုးထောင်စိုက်ပျိုးကြတယ်။ သက်တမ်း ၁၅ ရက်ကနေ ရက် ၂၀ လောက်ဆို ပျိုးပင်ရွှေ့စိုက် တယ်။ သိပ်မကြာဘူး အသီးသီးတယ်။ အဓိကအနေနဲ့ ငရုတ်အစိုက ဈေးကောင်းရရှိတဲ့အတွက် အစိုပဲရောင်းကြတယ်။ တချို့ လည်း အခြောက်ထားပြီး နည်းနည်းကြာမှ ခူးတယ်"ဟု ဒေါ်ဖြူဖြူသင်းကပြောသည်။

ဧရာဝတီတိုင်းဒေသကြီး၌ မိုးငရုတ်ကို ရေငန်ဝင်သည့် ဧရိယာများဖြစ်သည့် လပွတ္တာ၊ မြောင်းမြနှင့် ဖျာပုံခရိုင် တို့ရှိမြို့နယ်များမှအပ ကျန်မြို့နယ်များ၌စိုက်ပျိုးပြီး ဆောင်းငရုတ်ကို ဖျာပုံခရိုင်ရှိ ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ်များမှအပ ကျန်မြို့နယ်များ၌စိုက်ပျိုးလေ့ရှိသည်။ ထို့ပြင် ဆောင်းငရုတ်ကို ရေငန်ဝင်သည့် ဧရိယာဖြစ်သည့် မြို့နယ်များ၌ အနည်းငယ် စိုက်ပျိုးပြီး ဈေးကွက် ရရှိမှုပေါ် မူတည်၍ စိုက်ဧကအနည်းငယ် အတိုးအလျှော့ပြုလုပ် စိုက်ပျိုးလေ့ရှိကြောင်းသိရသည်။

Source: https://www.myawady.net.mm/node/35866

# နိုင်ငံတကာဈေးကွက်

## ဂျုံနှင့်အခြားသီးနှံများ ဈေးပြန်ကျလာသော်လည်း ကမ္ဘာ့ဆန်ဈေးများ မြင့်တက်နေ

ဂျုံနဲ့ တခြားလယ်ယာကုန်စည်ဈေးတွေ ပြန်ကျလာချိန်မှာ ကမ္ဘာ့ဆန်ဈေးတွေကတော့ မြင့်တက်လျက်ရှိနေပါတယ်။ ဒါဟာ လူသားသန်းပေါင်းများစွာကို ဆင်းရဲတွင်းထဲ သက်ဆင်းစေခဲ့တဲ့ ကုန်ဈေးနှုန်းကြီးမြင့်မှု ပြဿနာ အကင်းမသေသေးတဲ့ လက္ခဏာ ဖြစ်ပါတယ်။

အာရှဈေးကွက် ရည်ညွှန်းဈေးတစ်ခုဖြစ်တဲ့ ထိုင်းဆန်ဈေးဟာ နှစ်နှစ်နီးပါးအတွင်း အမြင့်ဆုံးအထိ ထိုးတက်ခဲ့ပါတယ်။ ဈေးတက်စေတဲ့ အဓိကအကြောင်းဟာ ဝယ်လိုအားကောင်းမွန်မှုကြောင့်ဖြစ်ပြီး ယူကရိန်းစစ်ပွဲကြောင့်ဂျုံရောင်းအား ပြတ်တောက်ခဲ့တဲ့နောက်ပိုင်း အချို့နိုင်ငံတွေက ဂျုံအစား ဆန်ကို ပိုမိုဝယ်ယူလာကြလို့ပါ။ တချို့ ဆန်တင်သွင်းနိုင်ငံတွေဟာ ပွဲတော်ရာသီတွေမတိုင်ခင် ဆန်ဖြည့်တင်းဝယ်ယူနေသလို ထိုင်း ဘတ်ငွေတန်ဖိုး မြင့်တက်မှုကလည်း ဒေါ်လာနဲ့ အရောင်း အဝယ်ပြုလုပ်တဲ့ ဆန်ဈေးတွေကို ကြီးမြင့်လာစေခဲ့ပါတယ်။

ဆန်ဟာ ကမ္ဘာ့လူဦးရေတစ်ဝက်လောက်ရဲ့ အခြေခံအစားအစာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် မတ်လက ဂျုံဈေးတွေစံချိန် တင်မြင့်တက်ခဲ့ပေမဲ့ ဆန်ကတော့ ကျန်သီးနှံတွေနဲ့စာရင် ၂၀၂၂ တစ်လျှောက်လုံး ဈေးတည်ငြိမ်ခဲ့ကာ အာရှတိုက်အတွင်း စားသောက်ကုန်ဈေး မြင့်တက်မှုကို အထိန်းအကွပ်ဖြစ်စေခဲ့ပါတယ်။ အခုလို ဆန်ဈေးတွေ ကြီးမြင့်လာခြင်းက တရုတ်၊ အိန္ဒိယ၊ ဗီယက်နမ်တို့လို ဆန်စားသုံးတဲ့နိုင်ငံတွေက လူဦးရေသန်းထောင်ချီအတွက်တော့ မလိုလားအပ်တဲ့သတင်း ဖြစ်နေပါလိမ့်မယ်။

ကုလသမဂ္ဂကတော့ ဆန်ဈေးတွေတက်လာတာကို အန္တရာယ်တစ်ခုအဖြစ် သတိပေးထားပြီး စားနပ်ရိက္ခာဖူလုံရေးနဲ့ ပတ်သက်လို့ နိုးနိုးကြားကြားရှိကြဖို့ ဆော်သြထားပါတယ်။

ဆန်တင်ပို့မှုဒုတိယအများဆုံး ထိုင်းနိုင်ငံဆီကနေ အီရတ်နဲ့ အင်ဒိုနီးရှားတို့က အများအပြား ဝယ်ယူတယ်လို့ ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းရဲ့ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswongse က ပြောပါတယ်။ "အီရတ်က ကျွန်တော်တို့ဆန်ကိုလစဉ်ဝယ်ယူအားပေးနေပါတယ်" လို့ ၎င်းကပြောပါတယ်။ အရှေ့အလယ်ပိုင်းနိုင်ငံဖြစ်တဲ့ အီရတ်ဟာ ပြီးခဲ့တဲ့နှစ်မှာ ထိုင်းဆန်ဝယ်ယူမှုအများဆုံးနိုင်ငံ ဖြစ်ခဲ့ပါတယ်။

ဒါပေမဲ့ ထိုင်းဆန်ဈေးတွေ ပိုပြီးကြီးမြင့်လာတာကြောင့် အော်ဒါမှာယူမှုတွေတော့ နှေးကွေးလာပါတယ်။ တရုတ်နဲ့ မလေးရှားမှာရှိတဲ့ ဝယ်လက်တွေက ဈေးပိုသက်သာတဲ့ဆီကို ပြောင်းလဲဝယ်ယူလာကြောင်း၊ သီးနှံသစ်တွေ ဈေးကွက်ဝင်ရောက်မဲ့ မတ်လဝန်းကျင်ရောက်ရင်တော့ ဈေးတွေပြန်ကျလာနိုင်ကြောင်း Chookiat က ပြောပါတယ်။

အဲဒီအချိန် ဈေးကျလာရင်တောင် ထိုင်းဆန်ဟာ အမျိုးအစားတူ ဗီယက်နမ်ဆန်ထက် ဈေးပိုများနေဦးမယ်လို့ ၎င်းက ပြောပါတယ်။ ထိုင်းဆန် နောက်ဆုံးပေါက်ဈေးဟာ တစ်တန်ကို ၅၂၃ ဒေါ်လာ ဖြစ်ပြီး ၂၀၂၁ မတ်လနောက်ပိုင်း အမြင့်ဆုံး ဖြစ်ပါတယ်။ ဗီယက်နမ်ဆန်ဟာ ထိုင်းဆန်ထက် ၁၀ ရာခိုင်နှုန်း ဈေးပိုသက်သာကာ တစ်တန်ကို ၄၅၈ ဒေါ်လာကနေ ၄၆၂ ဒေါ်လာကြားမှာ ရှိနေပါတယ်။

ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းဟာ ယခုနှစ် ထိုင်းဆန်တင်ပို့မှု ခန့်မှန်းချက်ကို အစောပိုင်းက တန်ချိန် ရှစ်သန်းမှန်းထားရာကနေ တန်ချိန် ၇ ဒသမ ၅ သန်းထိ လျှော့ချလိုက်ကြောင်း Chookiat က ပြောပါတယ်။ ပြီးခဲ့တဲ့နှစ်မှာတော့ ထိုင်းဆန်တင်ပို့မှုဟာ တန်ချိန် ၇ ဒသမ ၇ သန်းထိ ရောက်ရှိခဲ့ပြီး လေးနှစ်အတွင်း အများဆုံးဖြစ်ကြောင်း ကနဦး ထွက်ရှိထားတဲ့ ပို့ကုန်စာရင်းတွေအရ သိရပါတယ်။ မြန်မာနိုင်ငံမှာလည်း လက်ရှိအနေအထားအရ ဆန်ဈေးတွေဟာ အတက်ပိုင်းမှာ ဆက်ရှိနေတာ ဖြစ်ပါတယ်။ Ref: Soaring Rice Price Shows Food Inflation Still Stalking the World – Bloomberg

Source: https://greenwaymyanmar.com/posts/Soaring_World_Rice_Price

## ဆွစ်ဇာလန်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ငါးလုပ်ငန်းအထောက်အပံ့ဆိုင်ရာ သဘောတူညီချက်အသစ်ကို ပထမဆုံး သဘောတူလက်ခံသည့် နိုင်ငံဖြစ်လာ

ဆွစ်ဇာလန်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ငါးလုပ်ငန်းအထောက်အပံ့ဆိုင်ရာ သဘောတူညီချက်ကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်နေ့တွင် တရားဝင်လက်ခံခဲ့သည့် ပထမဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။ ဆွစ်ဇာလန်နိုင်ငံ၊ Davos မြို့တွင် ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာ့စီးပွားရေးဖိုရမ်၏ နှစ်ပတ်လည်အစည်းအဝေးနှင့်အပြိုင် ကျင်းပပြုလုပ်ခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံအချို့၏ ဝန်ကြီးများအဆင့် အလွတ်သဘောအစည်းအဝေးတွင် ဆွစ်ဇာလန်နိုင်ငံမှ စီးပွားရေးဆိုင်ရာ ဝန်ကြီးဖြစ်သူ HE. Mr. Guy Parmelin မှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် Dr. Ngozi Okonjo-Iweala ထံသို့ ငါးလုပ်ငန်းအထောက်အပံ့ဆိုင်ရာ သဘောတူညီချက်အကြောင်းကြားစာအား ပေးအပ်ခဲ့ပါသည်။

ဆွစ်ဇာလန်အစိုးရ၏ သဘောတူလက်ခံမှုသည် အခြားသောကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအပေါ် ပိုမိုပါဝင်လာစေနိုင်သောကြောင့် ဆွစ်ဇာလန်နိုင်ငံကို ကျေးဇူးတင်ကြောင်း၊ ဆွစ်ဇာလန်နိုင်ငံသည် ငါးပမာဏလျော့ကျလာမှုကို အကာအကွယ်ပေးရေး၊ ကမ္ဘာတစ်ဝှမ်းရှိ သန်းပေါင်းများစွာသောလူများ၏ အသက်မွေးဝမ်းကြောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးတို့အတွက် အပြီးသတ်ပံ့ပိုးကူညီပေးနိုင်ရန် သဘောတူလက်ခံပေးသော ရှေ့ဆောင်နိုင်ငံဖြစ်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် Dr. Ngozi Okonjo-Iweala က ပြောကြားခဲ့ပါသည်။

နိုင်ငံပေါင်းစုံကုန်သွယ်မှုစနစ်တွင် ရေနေသတ္တဝါများ မျိုးသုဉ်းသည်အထိ ဖမ်းဆီးမှုအား တားမြစ်ခြင်းသည် "ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ အောင်မြင်စေရေးအတွက် အဓိကပံ့ပိုးကူညီမှုတစ်ခုဖြစ်ကြောင်း ဆွစ်ဇာလန်နိုင်ငံမှ စီးပွားရေးဆိုင်ရာ ဝန်ကြီးဖြစ်သူ HE. Mr. Guy Parmelin က ပြောကြားခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှ ၁၇ ရက်နေ့အထိ ဂျီနီဗာမြို့တွင်ကျင်းပခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၂) ကြိမ်မြောက် ဝန်ကြီးများအဆင့်ညီလာခံ (MC12)တွင် ကမ္ဘာတဝှမ်း ငါးလျော့နည်းလာစေသည့် အထောက်အပံ့များအား တားဆီးနိုင်ရေး၊ တရားမဝင် ငါးဖမ်းခြင်း (illegal, unreported and unregulated - IUU)၊ အလွန်အကျွံငါးဖမ်းခြင်းနှင့် ပင်လယ်ပြင်တွင် စည်းကမ်းလိုက်နာမှုမရှိသော ငါးဖမ်းမှုများအတွက် အထောက်အပံ့မပေးရေးတို့အတွက် ကဏ္ဍစုံစည်းမျဉ်းများပါဝင်သော ငါးလုပ်ငန်းအထောက်အပံ့ဆိုင်ရာ သဘောတူညီချက်ကို တူညီဆန္ဒဖြင့်အတည်ပြုခဲ့ပါသည်။ ထို့အပြင် သဘောတူညီချက်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာအကူအညီနှင့် လုပ်ငန်းစွမ်းရည်မြှင့်တင်မှုကို အကူအညီပေးမည့်ရန်ပုံငွေတစ်ရပ် ထူထောင်ထားသည်။ အဖွဲ့ဝင်နိုင်ငံများမှ လက်ရှိသဘောတူညီချက်အပေါ် ထပ်မံပြင်ဆင်

ပြဋ္ဌာန်းလိုသည့် အချက်များရရှိနိုင်ရေးအတွက် ဆက်လက်ညှိနှိုင်းဆွေးနွေးရန်နှင့် (၁၃) ကြိမ်မြောက် ဝန်ကြီးများအဆင့်ညီလာခံ (MC13) တွင်တင်ပြရန် MC12 ၌ သဘောတူညီခဲ့ပါသည်။ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံအားလုံး သုံးပုံနှစ်ပုံမှ သဘောတူညီမှသာ စာချုပ်စတင်အသက်ဝင်မည်ဖြစ်သည်။ Source: www.wto.org

Source: https://commerce.gov.mm/my/article/update-news-international-trade/

## တစ်ကမ္ဘာလုံးမှ ရင်းနှီးမြှုပ်နှံသူများသည် တရုတ်နိုင်ငံ၏ စီးပွားရေးအပေါ် စိတ်ဝင်စားမှုမြင့်တက်လျက်ရှိ

COVID-19 အစီအမံများကို ဖြေလျှော့ပေးခြင်းသည် တရုတ်နိုင်ငံတွင် စီးပွားရေးလုပ်ရန် တစ်ကမ္ဘာလုံးမှ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကိုတိုးလာစေပါသည်။ ကမ္ဘာအနှံ့မှ ရင်းနှီးမြှုပ်နှံသူများသည် စီးပွားရေးလုပ်ဆောင်ရန်အတွက် တရုတ်နိုင်ငံသို့ ပြန်လာရန် စိတ်အားထက်သန်နေကြောင်း Financial Times က ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံတွင်ရှိသည့် နိုင်ငံခြားတိုင်းပြည်အချို့မှ ကုန်သည်ကြီးများအသင်းများ၏အဆိုအရ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်လည်ပတ်ခြင်းနှင့် စီးပွားရေးဆိုင်ရာခရီးသွားလာမှုများ အရှိန်အဟုန်ဖြင့်မြင့်တက်လာနိုင်မည်ဟု မျှော်လင့်ရသည်။ နိုင်ငံခြားကုမ္ပဏီများအနေဖြင့် စီးပွားရေးစီမံကိန်းများ ပြန်လည်စတင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းသစ်များ ရှာဖွေရာတွင် အထောက်အကူဖြစ်စေနိုင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့များ တရုတ်နိုင်ငံသို့ လာရောက်ရန်စတင်စီစဉ်နေပြီဟု သိရှိရပါသည်။

စီးပွားရေးသမားများသည် လျင်မြန်စွာကြီးထွားနေသော တရုတ်နိုင်ငံဈေးကွက်သို့ နောက်တစ်ကြိမ် လာရောက်ရင်းနှီးမြှုပ်နှံလိုကြကြောင်း Wall Street Journal က ဖော်ပြခဲ့သည်။ တရုတ်နိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ တရုတ်နိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) သည် နှစ်စဉ် ၆ ဒသမ ၂ ရာခိုင်နှုန်းတိုးမြင့်လာကာ ၂၀၂၀ ပြည့်နှစ်တွင် ယွမ် ၉၉၉ ဒသမ ၉၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၄၇ ဒသမ ၆၅ ဘီလီယံ) ရှိခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် တိုးတက်မှုနှုန်းသည် ၁၄ ဒသမ ၉ ရာခိုင်နှုန်းနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် စံချိန်တင်အမြင့်ဆုံး ၁ ဒသမ ၁၅ ထရီလီယံယွမ်အထိ ရောက်ရှိခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ပထမ (၁၁) လတွင် တရုတ်၏ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် ၂၀၂၁ တစ်နှစ်လုံး၏ပမာဏကို ကျော်လွန်ကာ ယခင်နှစ်ထက် ၉ ဒသမ ၉ ရာခိုင်နှုန်း တိုးလာသဖြင့် တရုတ်ဈေးကွက်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အမြဲဆွဲဆောင်လျက်ရှိကြောင်း ပြသနေပါသည်။

တရုတ်နိုင်ငံ၏ အစားထိုး၍မရသော စက်မှုလုပ်ငန်းကွင်းဆက်ရှိခြင်း အားသာချက်များကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုလည်း ဆွဲဆောင်လျက်ရှိသည်။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ပြန်ခဲ့သည့် ၂၀၂၁ ခုနှစ်အတွက် Apple ၏ supplier စာရင်းအရ supplier ၁၉၀ ခန့်အနက် ၁၅၀ သည် တရုတ်ပြည်မကြီးတွင် စက်ရုံများရှိနေပါသည်။

ကုလသမဂ္ဂစက်မှုလုပ်ငန်းအမျိုးအစားခွဲခြားမှုအရ တရုတ်နိုင်ငံ၌ စက်မှုလုပ်ငန်းအမျိုးအစား အားလုံးရှိနေသည်။ ဆန်းသစ်တီထွင်မှုသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးကို ဦးဆောင်သည့် အဓိကမောင်းနှင်အားဖြစ်သည့်အပြင် တရုတ်နိုင်ငံ၏ စီးပွားရေးအတွက် လမ်းဖွင့်ပေးခြင်းကို စဉ်ဆက်မပြတ်မြှင့်တင်ဆောင်ရွက်နေခြင်းသည်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လျက်ရှိပါသည်။

တရုတ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် ဦးစားပေးသည့်စက်မှုလုပ်ငန်းစာရင်း(2022 Version) ကို ဇန်နဝါရီလ ၁ ရက်တွင် တရားဝင်အကောင်အထည်ဖော်ခဲ့ပါသည်။ စာရင်း၏ ဗားရှင်းအသစ်တွင် စုစုပေါင်း စက်မှုလုပ်ငန်း ၁၄၇၄ ခု ပါရှိပြီး ၂၀၂၀ ပြည့်နှစ် ထုတ်ဝေမှုများနှင့် နှိုင်းယှဉ်ပါက လုပ်ငန်းအမျိုးအစားသစ် ၂၃၉ ခု အသားတင်ပါရှိကြောင်း မကြာသေးမီနှစ်များအတွင်း လုပ်ငန်းသစ် ထပ်တိုးမှု အများဆုံးဖြစ်ကြောင်း သိရှိရပါသည်။ ယင်းအချက်က တရုတ်နိုင်ငံတွင် နိုင်ငံခြားအရင်းအနှီးများ ပိုမိုရရှိစေရန် များစွာအထောက်အကူဖြစ်စေပါသည်။

မကြာသေးမီက Goldman Sachs Group နှင့် Morgan Stanley အပါအဝင် ဘဏ္ဍာရေးဝန်ဆောင်မှုကုမ္ပဏီများသည် ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် ၎င်းတို့၏ ခန့်မှန်းချက်များကို တိုးမြှင့်ခဲ့ကြပါသည်။ တရုတ်နိုင်ငံ၏ ကူးစက်ရောဂါကာကွယ်မှုနှင့် ထိန်းချုပ်မှုအဆင့်သစ်သို့ ရောက်ရှိလာသည်နှင့်အမျှ စီးပွားရေးလည်ပတ်မှု အလုံးစုံ ပြန်လည်ကောင်းမွန်လာမည်ဟု မျှော်လင့်ထားကြောင်း နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများက ခန့်မှန်းကြပါသည်။ တရုတ်နိုင်ငံ၏စီးပွားရေးသည် ခံနိုင်ရည်အားကောင်းပြီး ကြီးမားသောအလားအလာရှိနေကြောင်းနှင့် ကမ္ဘာ့စီးပွားရေးအတွက် အရှိန်မြှင့်ပေးသူအဖြစ် ၎င်း၏အခန်းကဏ္ဍသည် အစားထိုး၍မရနိုင်ကြောင်း အချို့သောလေ့လာသုံးသပ်သူများက ထောက်ပြခဲ့ကြပါသည်။

Source: https://news.cgtn.com/news/2023-01-09/Global-investors-optimistic-about-China-business-1gsAKqalMcw/index.html

Source: https://commerce.gov.mm/my/article/update-news-international-trade/

## အိန္ဒိယတွင် ကြံမရသဖြင့် သကြားစက်များ ရက်စောပိတ်ရမည်

အိန္ဒိယနိုင်ငံတွင် မိုးများခြင်းကြောင့် ကြံအထွက်နည်းသဖြင့် သကြားစက်များ ခါတိုင်းထက် စောပိတ်ကြရသည်။ အနောက်ပိုင်းရှိ မဟာရဋ္ဌပြည်နယ်သည် အိန္ဒိယနိုင်ငံ သကြားထုတ်လုပ်မှု စုစုပေါင်း၏ သုံးပုံတစ်ပုံကို ထုတ်လုပ်ပေးသော ပြည်နယ်ဖြစ်ပြီး ယခုနှစ်တွင် ပြည်ပပို့ကုန် သကြားထုတ်လုပ်မှု လျော့ကျသည်။ ကြိတ်စရာ ကြံကုန်ဖြစ်သဖြင့် သကြားစက်များ ယမန်နှစ်ထက် ရက်ပေါင်း ၄၅ မှ ၆၀ ရက် စောပြီးပိတ်ကြရမည် ဖြစ်ကြောင်း ပြည်နယ်အာဏာပိုင်တို့က ပြောကြားသည်။

၂၀၂၂ အောက်တိုဘာလ ၁ ရက်တွင် စတင်သည့် ၂၀၂၂ /၂၃ ကြံရာသီတွင် သကြားတန်ချိန် ၁၂ ဒသမ ၈ သန်း ရရှိမည်ဟုခန့်မှန်းသည်။ ယခင်က တန်ချိန် ၁၃ ဒသမ ၈ သန်း ရရှိမည်ဟု ခန့်မှန်းထားခြင်းကို တန်ချိန် ၁ သန်း လျှော့ချပြီး ပြင်ဆင်ခန့်မှန်းလိုက်ခြင်း ဖြစ်ပါသည်။

ကမ္ဘာ့သကြားဈေးကွက်ထဲသို့ ဒုတိယအများဆုံးတင်ပို့သည့် အိန္ဒိယနိုင်ငံအနေဖြင့် သကြားတိုးမြှင့်တင်ပို့ရန်မဖြစ်နိုင်တော့ကြောင်း မဟာရဋ္ဌပြည်နယ် သကြားကော်မရှင်နာ Shekhar Gaikwad က ပြောကြားခဲ့သည်။ သို့ဖြစ်ရာ ဘရာဇီး သကြားနှင့် ထိုင်းသကြားများ ပိုမိုတင်ပို့နိုင်ကြမည်ဖြစ်သည်။ လက်ရှိကြံရာသီတွင် အိန္ဒိယအစိုးရက သကြားတန်ချိန် ၆ ဒသမ ၁ သန်းမျှသာတင်ပို့ရန် ခွင့်ပြုထားသည်။ ၎င်းခွဲတမ်းတွင် သကြားစက်များက တန်ချိန် ၅ ဒသမ ၇ သန်းကို ပြည်ပတင်ပို့ရန် အရောင်းအဝယ်စာချုပ်များ ချုပ်ဆိုထားပြီးပြီဖြစ်သည်။

အိန္ဒိယနိုင်ငံအလယ်ပိုင်းရှိ သကြားစက်များသည် လာမည့် ၁၅ ရက်အတွင်း ပိတ်ကြရဖွယ်ရှိသည်။ ၂၀၂၃ ဧပြီလကုန်တွင် သကြားစက်သုံးလေးစက်မှအပ ကျန်သကြားစက်များအားလုံး ပိတ်ကြရတော့မည်ဖြစ်သည်။ မဟာရဋ္ဌပြည်နယ်ရှိ သကြားစက်များသည် ကြံများစံချိန်တင်ထွက်ခဲ့သည့် ၂၀၂၁/၂၂ ကြံရာသီတွင် ဇွန်လလယ်အထိ ကြံကြိတ်ခဲ့ကြသည်။ တန်ချိန် ၁၃ ဒသမ ၇ သန်း စံချိန်တင်ထုတ်လုပ်နိုင်ခဲ့သဖြင့် အိန္ဒိယနိုင်ငံသည် သကြားတန်ချိန် ၁၁ ဒသမ ၂ သန်း ပြည်ပသို့စံချိန်တင် တင်ပို့နိုင်ခဲ့သည်။ ယခုအခါ သကြားပို့ကုန်ခွဲတမ်း လက်ကျန်နည်းနေပြီဖြစ်သဖြင့် အိန္ဒိယနိုင်ငံ သကြားစက်များအသင်းက တန်ချိန် ၄ သန်း ထပ်တိုးပေးရန် တောင်းဆိုထား သည်။ အိန္ဒိယသည် သကြားကို အဓိကအားဖြင့် အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ ဆူဒန်၊ ဆိုမာလီယာနှင့် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)သို့ တင်ပို့ပါသည်။ Source: scmp

Source: [https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/5699-indian-mills-shut-down-early.html](https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/5699-indian-mills-shut-down-early.html)

## ထိုင်းနိုင်ငံ၌ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများသုံးစွဲမှု လျှော့ချစေရေး တွန်းအားပေး လုပ်ဆောင်ရန်အတွက် အခွန်ဆိုင်ရာ မက်လုံးပေးဆွဲဆောင်မှုများ ပြုလုပ်လျက်ရှိ

ထိုင်းနိုင်ငံသည် ပလတ်စတစ်စွန့်ပစ်ပစ္စည်းသုံးစွဲမှုများ လျော့ကျလာစေရေးအတွက် ၂၀၁၈ ခုနှစ်တွင် မူဝါဒချမှတ်လုပ်ဆောင်ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်နှောင့်နှေးခဲ့ရ၍ ယခုအခါ အခွန်လျှော့ပေါ့သက်သာခွင့်ပေးခြင်းနည်းလမ်းဖြင့် ထိုင်းနိုင်ငံ၊ စက်မှုဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း "Tax Incentives to Encourage Reduction in Plastic Usage" ခေါင်းစဉ်ဖြင့် Bangkok Post သတင်းမီဒီယာ၌ ၁၀-၁-၂၀၂၃ ရက်နေ့တွင် ရေးသားဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ထိုင်းနိုင်ငံ၊ စက်မှုဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့သည် စွန့်ပစ်ပစ္စည်းများသုံးစွဲမှုလျှော့ချရေး လှုပ်ရှားမှု၌ ဘက်တီးရီးယားပိုးဖြင့် ဆွေးမြည့်ပျက်စီးလွယ်စေသောအရာဝတ္ထုများပါဝင်သည့် ကုန်ပစ္စည်း (Biodegradable Plastic Product) များအား ပိုမိုသုံးစွဲစေရေး တွန်းအားပေး လုပ်ဆောင်ရန်အတွက် ကော်ပိုရိတ်ဝင်ငွေခွန် လျှော့ပေါ့သက်သာခွင့်ပြုပေးမှုအစီအစဉ် (Corporate Income Tax Reduction Programme) သစ်တစ်ရပ်ကို အသုံးပြုလျက်ရှိပါသည်။ ကော်ပိုရိတ်ဝင်ငွေခွန်လျှော့ပေါ့ပေးသည့် ပမာဏမှာ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် အကြား ဆွေးမြည့်ပျက်စီးလွယ်စေသောအရာဝတ္ထုများပါဝင်သည့် ကုန်ပစ္စည်း (Biodegradable Plastic Product)များဝယ်ယူသောကုမ္ပဏီများမှ ဝယ်ယူမှု၏ ၂၅ ရာခိုင်နှုန်းခန့်ကို အခွန်လျှော့ပေါ့ သက်သာခွင့်ပေးခြင်းဖြစ်သည်ဟု ထိုင်းနိုင်ငံ၊ စက်မှုဝန်ကြီးဌာန၊ ဝန်ကြီး Suriya Jungrugreangkit က ပြောကြားခဲ့ပါသည်။

အဆိုပါကြိုးပမ်းလုပ်ဆောင်မှုသည် ထိုင်းနိုင်ငံ၏ BCG စီးပွားရေးမော်ဒယ် (Bio-, Circular and Green-BCG) ကိုလည်း အထောက်အကူပြုရာရောက်ပါသည်။ BCG စီးပွားရေးမော်ဒယ်ဆိုသည်မှာ ဝန်ကြီးချုပ် Mr. Prayut Chan-o-cha ဦးဆောင်သည့်အစိုးရ၏ တရားဝင်ကြေညာထားသော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းသော (သို့မဟုတ်) မရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များတိုးချဲ့ထုတ်လုပ်နိုင်မည့် နည်းပညာများအသုံးပြုသွားရေးအတွက် ကုန်ထုတ်လုပ်သူများအားတွန်းအားပေးရေးဆိုင်ရာ အမျိုးသားရေးလုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

Mr. Suriya ၏ ပြောကြားချက်အရ အခွန်လျှော့ပေါ့သက်သာခွင့်ပေးခြင်းသည် တစ်ဦးချင်းသုံးစွဲမှုအပါအဝင် ပလတ်စတစ်ပစ္စည်းများ သုံးစွဲမှုကိုလျှော့ချနိုင်ရေးအတွက် ထိုင်းနိုင်ငံ၊ အစိုးရအနေဖြင့် အကူအညီပေးရန် ရည်မှန်းချက်တစ်ခု ဖြစ်ကြောင်း၊ အစိုးရမှ အဓိကပစ်မှတ်ထားရှိသည့် ကုမ္ပဏီများစွာအနက် အထူးသဖြင့် ပလတ်စတစ်ထုတ်ကုန်ပစ္စည်းပမာဏ များပြားစွာအသုံးပြုသည့် ကုန်တိုက်ပိုင်ရှင်များ (Shopping Mall Operators)နှင့် လက်လီဖြန့်ချိသူများ (Retailers) အား အဓိက ထားပါသည်။

အဆိုပါ အခွန်လျှော့ပေါ့သက်သာခွင့်ပြုမည့်အစီအစဉ်သို့ ပါဝင်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ထိုင်းနိုင်ငံ၊ စက်မှုဝန်ကြီးဌာန (Industry Ministry) မှ တရားဝင်ထုတ်ပြန်ထားသော ဆွေးမြည့်ပျက်စီးလွယ်စေသော အရာဝတ္ထုများ ပါဝင်သည့် ကုန်ပစ္စည်း (Biodegradable Plastic Product) ထုတ်လုပ်သူများထံမှ ဝယ်ယူရမည်ဖြစ်ကြောင်း၊ ယခုအချိန်ထိ ကုမ္ပဏီ ၇ ခုအား တရားဝင် အသိအမှတ်ပြုထားပြီး ဆွေးမြည့်ပျက်စီးလွယ်စေသော အရာဝတ္ထုများပါဝင်သည့် ကုန်ပစ္စည်း (Biodegradable Plastic Product) အမျိုးမျိုးအပေါ် လိုင်စင်ခွင့်ပြုထားရှိမှုမှာ ၇၂ ခုရှိကြောင်း၊ အဆိုပါကုန်ပစ္စည်းများမှာ ပလတ်စတစ်ပြွန် (Plastic Tube)များ၊ ပလတ်စတစ်အမှိုက်အိတ် (Plastic Garbage Bag)များ၊ တစ်ဦးချင်းသုံး ပလတ်စတစ် အိတ် (Single-use Plastic Bag) များနှင့် ပလတ်စတစ်ဇစ်ပိတ်အိတ် (Plastic Ziplock Bag) တို့ပါဝင်သည်။

လေထုညစ်ညမ်းမှုကြီးကြပ်ထိန်းချုပ်ရေးဌာန(Pollution Control Department) ၏ ထုတ်ပြန်ချက်အရ ထိုင်းနိုင်ငံသည် ကမ္ဘာပေါ်ရှိ ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေသော စွန့်ပစ်ပစ္စည်းထုတ်လုပ်သည့် အဆိုးဝါးဆုံးနိုင်ငံ ၁၀ နိုင်ငံစာရင်းတွင် ပါဝင် သည့်နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် နှစ်စဉ်ပလတ်စတစ်စွန့်ပစ်ပစ္စည်းခန့်မှန်းခြေ တန် ၂ သန်းခန့် ထုတ်လုပ်မှု ရှိပြီး ၎င်းတို့အနက် ၂၅ ရာခိုင်နှုန်းကိုသာ ပြန်လည်သုံးစွဲမှု ပြုလုပ်နိုင်သည်။

ထိုင်းနိုင်ငံအစိုးရအနေဖြင့် ၂၀၁၈ ခုနှစ်ကတည်းက တစ်ဦးချင်းသုံး ပလတ်စတစ်အိတ်များကို ကန့်သတ်တားမြစ်ရန် မူဝါဒတစ်ခုကို စတင်မိတ်ဆက် ဆောင်ရွက်ခဲ့ပြီး ၁-၁-၂၀၂၀ ရက်နေ့မှစ၍ လက်လီရောင်းချသူများအနေဖြင့် ဈေးဝယ်သူများကို ပလတ်စတစ်အိတ် အသုံးမပြုရန် မေတ္တာရပ်ခံခြင်းဖြင့် စတင်ခဲ့သည်။

သို့သော် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားစဉ်ကာလ Lockdown ပြုလုပ်မှုကြောင့် အဆိုပါစည်းရုံးလှုံ့ဆော်မှုကို ထိခိုက်ခဲ့ ရပြီး နောက်ဆက်တွဲအနေဖြင့် အစားအသောက်များ အိမ်တိုင်ရာရောက်ပို့ဆောင်ပေးရသည့် ဝန်ဆောင်မှုများအား ပလတ်စတစ် အိတ်ပိုမိုလိုအပ်လာစေသည့် Work-from-Home လမ်းညွှန်ချက်များကြောင့်လည်းဖြစ်သည်။

ဆွေးမြည့်ပျက်စီးလွယ်စေသော အရာဝတ္ထုများပါဝင်သည့် ပစ္စည်း (Biodegradable Plastic Material) များအား ဖွံ့ဖြိုး တိုးတက်လာစေမှုသည် ထိုင်းနိုင်ငံအနေဖြင့် ၂၀၂၇ ခုနှစ်မတိုင်မီ အာဆီယံ၏ ဇီဝဗဟိုချက် (Bio Hub) တစ်ခုဖြစ်လာစေရန် ကြိုးပမ်းလုပ်ဆောင်မည့် အစိုးရ၏စီမံချက်နှင့်အညီ ဇီဝဓါတုဗေဒနှင့် ဇီဝဆေးဝါးထုတ်လုပ်မှုဆိုင်ရာ နည်းပညာများနှင့် တွဲစပ် အသုံးပြုနိုင်ရေးဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

Source: ပြည့်ဖြိုးအောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

## ဂျပန်မှ Tropicana "၁၀၀ ရာခိုင်နှုန်း ဖရဲ" ဖျော်ရည်တွင် ဖရဲ ၂ ရာခိုင်နှုန်းသာပါသဖြင့် ယန်း ၁၉ သန်း ဒဏ်ရိုက်

ဂျပန်နိုင်ငံမှ နာမည်ကြီး ဖျော်ရည်အမှတ်တံဆိပ် Tropicana ကို လှည့်စားပြီး ဈေးကွက်ချဲ့ထွင်မှုဖြင့် ဂျပန်နိုင်ငံတွင် ဒဏ်ငွေရိုက်ခံခဲ့ပါသည်။ ဈေးကွက်မြှင့်တင်ရေးကြော်ငြာတွင် "Tropicana ၁၀၀ ရာခိုင်နှုန်း Whole Fruit Melon Taste" “Tropicana ၁၀၀ ရာခိုင်နှုန်းအပြည့် ဖရဲသီးအရသာ" ဟု ဖော်ပြထားခြင်းသည် ၁၀၀ ရာခိုင်နှုန်းအပြည့် ဖရဲသီးပါသည်ဟု ယူဆစရာဖြစ်နေစေသည်။ ဖျော်ရည်ဘူးများတွင်“ ၁၀၀ ရာခိုင်နှုန်း MELON TASTE” "၁၀၀ ရာခိုင်နှုန်း ဖရဲအရသာ" ဟု ဖော်ပြထားသည်မှာလည်း အလားတူပင် ထင်ယောင်ထင်မှား ဖြစ်နေစေသည်။

၎င်းဖျော်ရည်ကို ဓာတ်ခွဲခန်းတွင် ဓာတ်ခွဲစစ်ဆေးသည့်အခါ ဖရဲသီး ၂ ရာခိုင်နှုန်းမျှသာ ပါဝင်ကြောင်း တွေ့ရသည်။ ကျန်သည့် ၉၈ ရာခိုင်နှုန်းကို ပန်းသီး၊ စပျစ်သီး၊ ငှက်ပျောသီးဖျော်ရည်တို့ဖြင့် ရောစပ်ထားပါသည်။ ဘူးပေါ်မှ သရုပ်ဖော်ပုံကို သေသေချာချာကြည့်မှသာ ပန်းသီး၊ စပျစ်ခိုင်၊ ငှက်ပျောသီးတို့ ဖော်ပြထားသည်ကို သတိပြုမိမည်ဖြစ်သည်။

ဂျပန်နိုင်ငံ၏ စားသုံးသူရေးရာဌာန(Consumer Affairs Agency)က Tropicana ၏ ဂျပန်လိုင်စင်ရ Kirin Beverage ကို သတိပေးထားပြီးဖြစ်သည်။ ဌာန၏ညွှန်ကြားချက်ကို လိုက်နာခဲ့ပြီး ဒီဇိုင်းအသစ် စာသားအသစ်သုံးစွဲခဲ့ပါသည်။ ၁၀၀ ရာခိုင်နှုန်း MELON TASTE” အစား “ ၁၀၀ ရာခိုင်နှုန်း Fruit JUICE” ဖြင့် အစားထိုးခဲ့ပါသည်။ ဒီဇိုင်းအသစ်တွင် ပန်းသီးနှင့်စပျစ်သီးများကို ပိုမိုမြင်သာပါသည်။ ဂျပန်နိုင်ငံ၏ စားသုံးသူရေးရာဌာနက Kirin ကို ၂၀၂၃ ဇန်နဝါရီလ ၁၈ ရက်တွင် စီရင်ဆုံးဖြတ်ခဲ့ရာ၌ ဒဏ်ငွေ ယန်း ၁၈,၁၅၀,၀၀၀ (ကန်ဒေါ်လာ ၁၄၈,၀၀၀) ပေးဆောင်စေခဲ့ပါသည်။ ၂၀၂၀ ဇွန်လမှ ၂၀၂၂

ဧပြီလအထိ ကာလအတွင်း ယခင်ဒီဇိုင်းအဟောင်းဘူးဖြင့် ငှင်းဖျော်ရည် ရောင်းအားအပေါ် အခြေခံပြီး တွက်ချက်ထားသော ဝင်ငွေဖြစ်ပါသည်။ ရာခိုင်နှုန်းအားဖြင့် ရောင်းအားဝင်ငွေ၏ ၃ ရာခိုင်နှုန်း ဖြစ်ပါသည်။ Source: Mainichi Shimbun
Source: https://www.foodindustrydirectory.com.mm/food-industry/cuisine/japan/item/5660-tropicana.html

## အီဂျစ်နှင့် အိန္ဒိယအကြား ကုန်သွယ်ရေးကဏ္ဍကိုမြှင့်တင်ရန် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ထူထောင်

အီဂျစ်သမ္မတ အဗ္ဗဒယ်ဖာတာအယ်စီစီသည် ၎င်း၏ အိန္ဒိယခရီးစဉ်ကိုအဆုံးသတ်ခဲ့ချိန်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကို ဒေါ်လာဘီလျံနှင့်ချီပြီး မြှင့်တင်ရန်နှင့် သံတမန်ရေးရာ ဆက်ဆံမှုများကို ပိုမိုခိုင်မာစေရန် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို ထူထောင်ခဲ့ကြောင်း အီဂျစ်နှင့် အိန္ဒိယက ဇန်နဝါရီ ၂၆ ရက်က ကြေညာခဲ့သည်။

ဆိုရှားသည့် စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသည့် အီဂျစ်သည် နိုင်ငံတကာကုန်သွယ်ရေးကို မြှင့်တင်ရန်နှင့် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ရန် အပူတပြင်း လုပ်ဆောင်လျက်ရှိသည်။

အိန္ဒိယသည် ယခင်ကတည်းက အီဂျစ်၏ သတ္တမမြောက်အကြီးဆုံး ကုန်သွယ်ဘက်နိုင်ငံဖြစ်သည်ဟု အီဂျစ်ဗဟိုဘဏ်က ထုတ်ပြန်သည့်အချက်အလက်များအရသိရပြီး ဇန်နဝါရီ ၂၆ ရက်က ပူးတွဲကြေညာချက်ထုတ်ပြန်မှုတွင် နောက်ဆုံး ဘဏ္ဍာရေးနှစ်အတွင်း ဒေါ်လာ ၇ ဒသမ ၂၆ ဘီလျံအထိ စံချိန်တင်မြင့်တက်မှုကို အမွှမ်းတင် ဖော်ပြခဲ့သည်။

ထို့ပြင် အီဂျစ်သမ္မတ၏ သုံးရက်ကြာခရီးစဉ်အပြီးတွင် ပူးတွဲထုတ်ပြန်ခဲ့သည့် ကြေညာချက်၌ လာမည့် ငါးနှစ်အတွင်း နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးကို ဒေါ်လာ ၁၂ ဘီလျံအထိ မြှင့်တင်ရန် မျှော်လင့်ထားသည်ဟု စီစီနှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့က ပြောကြားခဲ့သည်။

မိုဒီသည် ဇန်နဝါရီ ၂၆ ရက်တွင်ကျရောက်သည့် အိန္ဒိယ၏သမ္မတနေ့အတွက် စီစီအား ဂုဏ်ထူးဆောင် ဧည့်သည်တော် အဖြစ်ဧည့်ခံခဲ့သည်။ ခေါင်းဆောင်နှစ်ဦးသည် လက်ရှိ ဒေါ်လာ ၃ ဒသမ ၁၅ ဘီလျံ တန်ဖိုးရှိသည့် အီဂျစ်ရှိ အိန္ဒိယ၏ ရင်းနှီး မြှုပ်နှံမှုကို တိုးမြှင့်ရန် သဘောတူခဲ့ကြသည်ဟုလည်း ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ယင်းရင်းနှီးမြှုပ်နှံမှုများအနက် စူးအက်တူးမြောင်း စီးပွားရေးဇုန်တွင် အိန္ဒိယစက်ရုံများအတွက် ဖြစ်နိုင်ခြေရှိသည့် မြေနေရာသတ်မှတ်မှုများလည်းပါဝင်ခဲ့ပြီး စိုက်ပျိုးမွေးမြူရေး၊ အာကာသသုတေသနနှင့် ခရီးသွားကဏ္ဍပူးပေါင်းဆောင်ရွက်မှု များကို မြှင့်တင်သွားမည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ Source: https://news-eleven.com/article/243734

# ပြည်တွင်းကုန်သွယ်မှုသတင်း

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံရန် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုနှင့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုလုပ်ငန်း ကိုးခု အတည်ပြု

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံရန် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကိုးခုကို အတည်ပြုပေးလိုက်ကြောင်း ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပပြုလုပ်ခဲ့ရာ ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များတက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ကိုးခု တို့ကို အတည်ပြုပေးခဲ့သည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ ကျပ်သန်း ၆၀၀၀ နှင့် ဒေါ်လာ ၁၀ ဒသမ ၅၅၄ သန်းဖြစ်ပြီး စုစု ပေါင်းလုပ်ငန်း ၁၀ ခုတို့မှ ပြည်တွင်းအလုပ် အကိုင်အခွင့်အလမ်း ၄၃၂၂ ဦး ဖန်တီးပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။ ထို့ပြင်အစည်းအဝေးတွင် ကုမ္ပဏီများက တင်ပြလာသည့် အထွေထွေကိစ္စရပ်များနှင့် မတည်ငွေရင်း ပမာဏဒေါ်လာ ၁ ဒသမ ၇၀၂ သန်း တိုးမြှင့်ခွင့်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုကဏ္ဍတွင် မတည်ငွေရင်း ကျပ်သန်း ၄၀၈၀ နှင့် ဒေါ်လာ ၀ ဒသမ ၅၀ သန်း ရှိသည့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုနှစ်ခုကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုပေးလိုက် ကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၂/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁၄ ရက် က ကျင်းပခဲ့ရာ အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုတို့ကို အတည်ပြုပေးခဲ့သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ ကျပ် ၄၀၈၀ ဒသမ ၅၀ သန်းနှင့် ဒေါ်လာ ၀ ဒသမ ၅၀ သန်းဖြစ်ပြီး လုပ်ငန်းစုစုပေါင်းနှစ်ခုတို့မှ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၂၉၅ ဦးအတွက်ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင်အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၆ ခုအနက် ကုမ္ပဏီလေးခုတို့အား မတည်ငွေရင်းပမာဏ ဒေါ်လာ ၂ ဒသမ ၄၈၃ သန်း တိုးမြှင့်ခွင့်နှင့်ကုမ္ပဏီ တစ်ခုမှပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ၅၀၀ ဦးအတွက် တိုးမြှင့်ခန့်ထားခွင့်များကို ဆွေးနွေးဆုံးဖြတ် ခဲ့ကြသည်။ Source: https://news-eleven.com/article/243692

## ကျောက်ဖြူမြို့ ရေနက်ဆိပ်ကမ်းစီမံကိန်းဆောင်ရွက်ပြီးစီးပါက ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများရောက်ရှိလာမည်

ရခိုင်ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁ ရက်က ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ဖွင့်လှစ်ပြသထားသည့် MSME ထုတ်ကုန်ပြပွဲနှင့်ရောင်းချပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အခမ်းအနားကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဒေသတွင်း MSME လုပ်ငန်းရှင်များနှင့် အစိုးရအဖွဲ့ရုံးသာခန်းမ၌တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် MSME ထုတ်ကုန်ပြပွဲနှင့် ရောင်းချပွဲအခမ်းအနားတွင် ဆန်စက်လုပ်ငန်း၊ ဆီစက်လုပ်ငန်း၊ ပါပရာ(ငါးမုန့်)လုပ်ငန်း၊ ငါး၊ ပုစွန်၊ ကနုကမာ၊ ကဏန်း၊ ကဏန်းပျော့ ရောင်းဝယ်ရေးလုပ်ငန်း၊ ငှက်သိုက်လုပ်ငန်း၊ ဓနိဖူးနှင့်ဆက်စပ်ပစ္စည်းထုတ်ကုန်လုပ်ငန်း၊ နေလှန်းဆားလုပ်ငန်း၊ အိုင်အိုဒင်းဆားလုပ်ငန်း၊ ငါးခြောက်၊ ပုစွန်ခြောက် ရေထွက်ပစ္စည်းအမျိုးမျိုး ရောင်းဝယ် ရေးလုပ်ငန်း၊ သောက်ရေသန့်လုပ်ငန်းစသည့် MSME လုပ်ငန်း ၂၂ ခုတို့မှ ခင်းကျင်းပြသထားသည့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုပြီး လုပ်ငန်းရှင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့သည်။

ယင်းနောက် ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီတွင် အစိုးရအဖွဲ့ရုံးသာခန်းမ၌ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်စီးပွားရေးရာဝန်ကြီးက နိုင်ငံတစ်နိုင်ငံတွင် ပြည်တွင်းထုတ်ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတိုးတက်မည်ဖြစ်သဖြင့် သဘာဝသယံဇာတများမှထုတ်လုပ်သော ထုတ်ကုန်အသီးသီး၏ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည်လည်း အလွန်အရေးကြီးကြောင်း၊ ကျောက်ဖြူမြို့နယ်သည် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်ပြီး ပထဝီအနေအထားအရ အလွန် ကောင်းမွန်သဖြင့် ငှက်သိုက်လုပ်ငန်း၊ ကနုကမာလုပ်ငန်း၊ ငါး/ ပုစွန်မွေးမြူရေးလုပ်ငန်းအစရှိသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသအတွက် အလွန်အရေးကြီးကြောင်း၊ ကျောက်ဖြူမြို့ ရေနက်ဆိပ်ကမ်း စီမံကိန်းဆောင်ရွက်ပြီးစီးပါက ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ရောက်ရှိလာမည်ဖြစ်သဖြင့် MSME ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ လုပ်ငန်းရှင်များအနေဖြင့် ကြိုးစားလုပ်ဆောင်ကြစေလိုကြောင်း၊ နိုင်ငံတော်မှ ချေးငွေများပေးအပ်လာပါက မိမိတို့၏လုပ်ငန်းများတွင် အမှန်တကယ်ရင်းနှီးမြှုပ်နှံပြီး ချေးငွေများကို ပြန်လည်ပေးအပ်ကာအကျေပေးဆပ်စေချင်ကြောင်း စသည့် MSME လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရေလုပ်ငန်းရှင်များ၊ ဆီစက်လုပ်ငန်းရှင်များနှင့် ဆန်စက်လုပ်ငန်းရှင်များက မိမိတို့လုပ်ငန်းများတွင် လိုအပ်နေသည့် နည်းပညာအခက်အခဲ၊ စက်ပစ္စည်းများနှင့် အရင်းအနှီးများကို တင်ပြဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးက ဆွေးနွေးချက်များအပေါ် ညှိနှိုင်းပေးခဲ့ပြီး ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြရန်ပြောကြားသည်။

Source: မြန်မာ့အလင်းသတင်းစာ

# ပြည်ပကုန်သွယ်မှုသတင်း

## ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှတစ်ဆင့် ပြည်ပသို့ ဆန်တန်ချိန် ၉၉၅၅၀ ကျော် တင်ပို့ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးဖြစ်

၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှတစ်ဆင့် ပြည်ပသို့ ဆန်တန်ချိန် ၉၉၅၅၀ ကျော် တင်ပို့ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဒေါ်လာ ၄၀ ဒသမ ၇၄၆ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၉၉၅၅၀ ကျော်တင်ပို့ခဲ့ကြောင်း သိရသည်။

တင်ပို့မှုများအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၆၆၁၉၀ ခန့်နှင့်အီးယူအဖွဲ့ဝင် နိုင်ငံများသို့ ဆန်တန်ချိန် ၃၃၃၆၀ ခန့် တင်ပို့ ခဲ့သည်။ ဆန်တင်ပို့သောနိုင်ငံများမှာ တရုတ်နိုင်ငံသို့ ဆန်တန်ချိန်၁၈၄၁၀ ကျော်၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ တန်ချိန် ၂၆၁၀၀ ၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၁၅၈၆၀ ၊ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် ၄၈၀၀၊ မလေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၆၂၀ ကျော်၊ ဟောင်ကောင်သို့ ဆန်တန်ချိန် ၃၀၀ ကျော်နှင့် စင်ကာပူနိုင်ငံသို့ ဆန်တန်ချိန် ၇၀ ကျော်တင်ပို့ခဲ့ကြောင်း သိရသည်။

ထို့ပြင် အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သော ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၇၅၅၀ ၊ စပိန်နိုင်ငံသို့ ဆန်တန်ချိန် ၄၉၂၀ ကျော်၊ တူရကီနိုင် ငံသို့ ဆန်တန်ချိန် ၄၀၉၀၊ အီတလီနိုင်ငံသို့ ဆန်တန်ချိန် ၂၇၅၀၊ ဘူလ်ဂေးရီးယားနိုင်ငံသို့ ဆန်တန်ချိန် ၂၄၄၀၊ ပေါ်တူဂီနိုင်ငံသို့ ဆန်တန်ချိန် ၂၃၇၀ ကျော်၊ အင်္ဂလန်နိုင်ငံသို့ ဆန်တန်ချိန် ၁၉၅၀ တန်၊ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၁၅၀၀၊ လစ်သူရေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၁၄၀၀၊ ဆလိုဗေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၉၂၀ကျော်၊ ဂရိနိုင်ငံသို့ ဆန်တန်ချိန် ၁၀၅၀၊ ခရိုအေးရှား၊ လက်ဘနွန်နှင့် ဂျာမနီနိုင်ငံတို့သို့ ဆန်တန်ချိန် ၅၀၀ စီ၊ နယ်သာလန်နိုင်ငံနှင့် ချက်သမ္မတနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀ စီ၊ ပြင်သစ်နိုင်ငံသို့ ဆန်တန်ချိန် ၃၅၀ နှင့် အခြားနိုင်ငံများသို့လည်း အနည်းငယ်တင်ပို့ခဲ့သည်။

ဒီဇင်ဘာလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ ဒေါ်လာ ၁၄ ဒသမ ၈၅၆ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၄၀၂၀၀ ကျော် တင်ပို့နိုင်သဖြင့် နည်းလမ်းနှစ်သွယ်မှ ဆန်တင်ပို့မှု စုစုပေါင်းတန်ချိန် ၁၃၉၇၅၀ ဖြစ်သည်။ နိုဝင်ဘာလအတွင်း ဆန်တင်ပို့မှုမှာတန်ချိန် ၁၅၇၉၅၀ ကျော်ဖြစ်သဖြင့် ယခုလတွင်ဆန်တန်ချိန် ၁၈၂၀၀ ကျော် လျော့နည်းခဲ့သည်။

ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဒေါ်လာ ၁၇ ဒသမ ၂၇၀ သန်း တန်ဖိုးရှိ ဆန် ကွဲတန်ချိန် ၄၇၀၅၀ ကျော် တင်ပို့ခဲ့သည်။ တင်ပို့မှုများအနေဖြင့် အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၃၉၆၀၀ ကျော်နှင့် တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၇၄၅၀ ခန့် တင်ပို့ခဲ့သည်။ ဒီဇင်ဘာလအတွင်း မြန်မာ-တရုတ်နှင့် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုမှ ဒေါ်လာ ၁၀ ဒသမ ၂၃၅ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၂၈၅၄၀ ကျော်တင်ပို့ခဲ့သည်။ တင်ပို့မှုအနေဖြင့် မြန်မာ-တရုတ်နယ်စပ်မှ ဆန်ကွဲတန်ချိန်၂၇၂၀၀ ကျော်နှင့် မြန်မာ-ထိုင်းနယ်စပ်မှ ဆန်ကွဲတန်ချိန် ၁၃၃၀ ကျော် တင်ပို့ကြောင်း သိရသည်။ နည်းလမ်းနှစ်သွယ်မှ စုစုပေါင်း ဆန်ကွဲတင်ပို့မှုတန်ချိန် ၇၅၆၀၀ ခန့်ရှိပြီး အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ဆန်ကွဲတန်ချိန် ၁၅၀၀၀ ကျော် ပိုမိုတင်ပို့ခဲ့ကြောင်းသိရသည်။ ဒီဇင်ဘာလအတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့မှု တန်ချိန် စုစုပေါင်း ၂၁၅၃၄၀ ရှိပြီး တန်ဖိုး ဒေါ်လာ ၈၃ဒသမ ၁၀ရသန်း ရရှိခဲ့သည်။

Source: https://news-eleven.com/article/243691

## ကိုရီးယားတွင် ကျင်းပမည့် "HADONG WORLD TEA EXPO 2023" ပြပွဲသို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသရန်ဖိတ်ကြား

ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့ရှိ Hadong Sports Park ၌ ၂၀၂၃ ခုနှစ်၊ မေလ ၄ ရက်နေ့မှ ဇွန်လ ၄ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် World TEA Expo 2023 Hadong သို့ မြန်မာနိုင်ငံမှလုပ်ငန်းရှင်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ပြသနိုင်ကြောင်း ဖိတ်ကြားလာသည်။ ပြပွဲ၌ ပါဝင်ပြသရန် ပြခန်း (၁) ခန်းအား အခမဲ့ ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။

နိုင်ငံတကာမှ ကုမ္ပဏီ ၆၀ ခုမှ ပြခန်း (၁၀၀) ဖြင့် ပါဝင်ပြသမည်ဖြစ်ကာ လူဦးရေ ၁ သန်းကျော် လာရောက်ကြည့်ရှုမည်ဟုမျှော်မှန်းထားကြောင်းနှင့် ပြခန်းပါဝင်ပြသခြင်းဖြင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်တွေ့ဆုံမှုများနှင့် ဆွေးနွေးပွဲများဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရရှိမည် ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ်moctradefair@myantrade.gov.mm ဖုန်း ၀၆၇-၄၀၈၆၂၂ ၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရှိ ရသည်။ ပြပွဲ၏ တရားဝင် ဝဘ်ဆိုက်မှာ World Tea EXPO Hadong - 2023 하동세계차엑스포 ၊ https://www.hadongt.co.kr/teas/tea/expo/teaIndexEn ဖြစ်ကြောင်း သိရှိရပါသည်။

Source: https://www.foodindustrydirectory.com.mm/food-industry/cuisine/korea/item/5705-world-tea-expo-2023-hadong.html

## ယခုဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောတန်ချိန် ၃၀၀၀၀ ခန့်တင်ပို့ထား

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုအနေဖြင့် ကချင်ပြည်နယ်ရှိ လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းက ယခုဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလထိ တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောတန်ချိန် ၃၀,၀၀၀ ခန့်တင်ပို့ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုမူဝါဒဌာနခွဲမှ ညွှန်ကြားရေးမှူးက ပြောပြ၍သိရသည်။

ကချင်ပြည်နယ်အတွင်း တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောတင်ပို့ရန်၊ မှတ်ပုံတင်ထားပြီးဖြစ်သည့် ကုမ္ပဏီ ၃၂ ခု၏ စိုက်ဧက ၅၀,၀၀၀ ကျော်မှထွက်ရှိသည့် တစ်သျှူးငှက်ပျောများကို ပြည်တွင်းစားသုံးမှုမရှိဘဲ ပြည်ပတင်ပို့ရန် သီးသန့်စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

"ကချင်ပြည်နယ်ရှိ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းအနေနဲ့ အဓိကပို့ကုန်ဖြစ်တဲ့ တစ်သျှူးငှက်ပျော တင်ပို့နိုင်မှုကတော့ အခုဘဏ္ဍာနှစ် ဧပြီလကနေ ဒီဇင်ဘာလကုန်ထိ ပို့ကုန်ယာဉ်အစီးရေ ၁,၀၀၀ လောက်တင်ပို့နိုင်ခဲ့ပါတယ်။ ပို့ကုန်ယာဉ်တစ်စီးမှာ တစ်သျှူးငှက်ပျောတန်ချိန် ၃၀ လောက်ပါရှိတဲ့အတွက် ပို့ကုန်တန်ချိန် ၃၀,၀၀၀ လောက် တင်ပို့ပြီးဖြစ်ပါတယ်။ ဒီလိုတင်ပို့ရာမှာ တရုတ်နိုင်ငံကို တရားဝင်တင်ပို့ဖို့အတွက် မှတ်ပုံတင်ထားတဲ့ ကုမ္ပဏီ ၃၂ ခုက တင်ပို့တာဖြစ်ပါတယ်" ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုမူဝါဒဌာနခွဲမှ ညွှန်ကြားရေးမှူးက ပြောပြသည်။

ကချင်ပြည်နယ်အတွင်း ကိုဗစ်ကာလမတိုင်မီက တစ်သျှူးငှက်ပျော စိုက်ဧက ၇၀,၀၀၀ ရှိပြီး လက်ရှိတွင် စိုက်ဧက ၅၀,၀၀၀ ခန့်သာကျန်ရှိနေသော်လည်း တစ်ဧကဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၆,၀၀၀ ခန့်ရှိသည့်အတွက် တိုးချဲ့စိုက်ပျိုးသင့်သည့် ပြည်ပပို့သီးနှံဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်သွယ်ရေးစခန်းကအဓိကတင်ပို့လျက်ရှိသည့်ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ပဲတီစိမ်း၊ မြေထောက်ပဲ၊ သီဟိုဠ်စေ့၊ ဆန်၊ ကြံ၊ ဆန်ကွဲ၊ ငရုတ်၊ ရော်ဘာနှင့် ထောပတ်ပဲတို့ဖြစ်ပြီး သွင်းကုန်အနေဖြင့် လျှပ်စစ်ပစ္စည်း၊ ဆေးဝါး၊ ယာဉ်ပစ္စည်း၊ စားသောက်ကုန်တို့ဖြစ်ကြောင်းသိရသည်။ Source: YDNP

Source: https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/5602-about-30,000-tons-of-tissue-bananas-have-been-exported-to-china-this-fiscal-year.html

## မြန်မာအမျိုးသားလေကြောင်းလိုင်းက ရန်ကုန်–ဘန်ကောက်ခရီးစဉ်တစ်ကြောင်းစာအား ဒေါ်လာ ၄၀ မှစ၍ လည်းကောင်း၊ ရန်ကုန်–စင်ကာပူခရီးစဉ်တစ်ကြောင်းစာအား ဒေါ်လာ ၁၉၅ မှစ၍လည်းကောင်း၊ ရန်ကုန်–ချင်းမိုင်ခရီးစဉ်တစ်ကြောင်းစာအား ၈၅ ဒေါ်လာမှစ၍လည်းကောင်း ရောင်းချပေးနေ

